ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (30-10-2008) (၅၈၄၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**
- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**
- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**
- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel, Le Van Thanh အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော်  အောက်တိုဘာ  ၂၉

**ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Colonel, Nguyen Van Vui တို့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Colonel, Nguyen Van Vui အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Colonel, Le Van Thanh နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Colonel, Nguyen Van Vui တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံ
The Mirror

၃၀-၁၀-၂၀၀၈
(ကြာသပတေးနေ့)

## လမ်းများ ချောမွေ့ကောင်းမွန်ရေး ထိန်းသိမ်းပြုပြင် စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတွင် ဝိုင်းဝန်းပါဝင်

ဧရာဝတီတိုင်း ဒေသအချို့တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို လူသားတို့၏ စိတ်ဓာတ်ကြံ့ခိုင်မှုစွမ်းအား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စေတနာစွမ်းအား၊ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ပြန်လည်ထူထောင် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက လေဘေးသင့်ဒေသနေ ပြည်သူများ၏ နေထိုင်စားသောက်ရေး၊ မူလအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဟိုင်းကြီးကျွန်း စသည့်မြို့နယ်များအတွင်း ကျေးရွာများ၌ နေအိမ်များ ပြန်လည်ဆောက်လုပ်ပြီးစီးလျက်ရှိသည့်အပြင် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပြီဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကားလမ်းများကို အဓိကအသုံးပြုခဲ့ရာ ရန်ကုန်-ပုသိမ် ကားလမ်း၊ ဖျာပုံ-ဘိုကလေး ကားလမ်းတို့မှာ ယာဉ်သွားလာမှု များပြားပြီး မိုးရွာသွန်းမှုတို့ကြောင့် ပျက်စီးမှုများရှိခဲ့သည်။ ပစ္စည်းသယ်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းပြုပြင်မှုလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရသည်။

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ လမ်းပိုင်းအလိုက် ကျောက်ဖြည့်၊ သဲဖို့လမ်းပေါက်ဖာခြင်း လုပ်ငန်းများကိုသာမက အမာခံလမ်းခင်း ပြုပြင်ခြင်းလုပ်ငန်းကိုပါ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုအခါ လေဘေးသင့်ကျေးရွာများ၌ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဒေသတွင်းလွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ရေး လိုအပ်ချက်များကို ဒေသအလိုက် ဘက်စုံဖြည့်ဆည်း ထူထောင်ပေးလျက်ရှိရာ စံပြကျေးရွာများကို တွေ့မြင်နေရပြီဖြစ်သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်ရာ ဒေသအလိုက် ကားလမ်းမကြီးများ အစဉ်ချောမွေ့နေစေရေး ရာသီမပြတ် ပြုပြင်ထိန်းသိမ်းရင်း လေဘေးသင့်ကျေးလက်ဒေသများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်ရာ၌ တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများက အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် တွံတေးမြို့နယ် ရွှေမယင်းဒေသရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ ရွှေမယင်းငါး မွေးမြူရေးစခန်း၌ ငါးမျိုးစုံ ဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၉

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက် ၉ နာရီတွင် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တွံတေးမြို့နယ် ရွှေမယင်းဒေသရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ရွှေမယင်းငါးမွေးမြူရေးစခန်း၌ ငါးခေါင်းပွ၊ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန် စုစုပေါင်းကောင်ရေ ၁၀ သိန်းကျော် မွေးမြူထားမှု၊ ငါးမျိုးစုံဖြစ်ထွန်းအောင်မြင် မှုများနှင့် တူးဖော်ပြီး ငါးကန် ဧရိယာ ၈၆၄ ဧကကျော်တို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် တွံတေးမြို့နယ်ရှိ ဇီးဖြူကုန်းရေထိန်းတံခါး၊ ကန်ဘဲ့ကျေးရွာအုပ်စုရှိ အလှူရှင် ဦးဝင်းလွင်ဦး (မြန်မာ့စကားပန်းခရီးသွားလာရေးလုပ်ငန်း) က လှူဒါန်းသည့် ကဘင်းအခြေခံပညာမူလတန်းကျောင်းနှင့် အလှူရှင် ဦးခင်ဇော် (Tour Mandalay) ကုမ္ပဏီကလှူဒါန်းသည့် ဘုရားငုတ်တိုမြောက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်ပြီးစီးမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လေဘေးသင့်ဒေသများ၌ လူနေအိမ်များဆောက်လုပ်ရန် ဂျပန်အစိုးရက ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

လေဘေးသင့်ဒေသများ၌ လူနေအိမ်များ ဆောက်လုပ်လှူဒါန်းရန် အလှူရှင် ဂျပန်နိုင်ငံအစိုးရက IOM (International Organization for Migration) သို့ အမေရိကန်ဒေါ်လာ သုံးသန်းကို ဂျပန်သံရုံးမှ Deputy Chief of Mission Mr. Kazuyuki Takeuchi က ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ လာရောက်ပေးအပ်လှူဒါန်းရာ IOM မှ Mr. Maciej Pieczkowski (Acting Chief of Mission) က လက်ခံသည်။

အဆိုပါ ငွေလှူဒါန်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အလှူရှင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နွားထိုးကြီးမြို့နယ်တွင် အလယ်တန်းကျောင်း(ခွဲ)များဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်သည်အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ခက်လန်းကျေးရွာ၌ ကျင်းပသည့် ခက်လန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ရှားပါးမျိုးနွယ်ဖြစ်သည့် ကြယ်လိပ်မွေးမြူထားရှိမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တပါယ်ကျေးရွာရှိ တပါယ်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲသို့ တက်ရောက်သည်။

### မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် လုံးတော-သမန်းတော ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ကြီးရုံးခန်း၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ဦးထံပေးအပ်သည်။

ဒုတိယဝန်ကြီးသည်အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နွားထိုးကြီးမြို့ စက်မှုရပ်ကွက် တည်ဆောက်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ပညာရေးဌာနက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ် မြတ်ဆရာဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အထက (၁) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကန်တော့ခံ အငြိမ်းစားအသက်(၆၅)နှစ်အထက် ဆရာကြီး၊ ဆရာမကြီး ၆၁ ဦးတို့ တက်ရောက်ကြသည်။

ပထမအကြိမ် မြတ်ဆရာဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကသာမြို့ ပညာရေးဌာနမှ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နုနုရီ**(အောက်ပုံ)**က မြတ်ဆရာပူဇော်ရခြင်း၏ အကြောင်းကို ရှင်းလင်းဆွေးနွေးကာ ကန်တော့ခံအငြိမ်းစားယူသွားကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ငွေကျပ် ၁၂၂၀၀၀၀ကျော် နှင့် ပစ္စည်းများ ကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## အထက(၁)မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အထက(၁) မေတ္တာရိပ်ရင်ပြင်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါ အခမ်းအနားကျင်းပရေး အကြိုညှိနှိုင်း အစည်းအဝေးများကို အပတ်စဉ်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) အသင်းရုံးခန်းမ၌ ကျင်းပလျက်ရှိရာ ကျောင်းသားဟောင်းများအနေဖြင့် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇရ ဦးအောင်ကြည်မြင့် ဖုန်း- ၀၉၅၁၀၅၅၅၊ ၀၉၅၁၉၇၇၇၊ ဦးအေးကို၊ ဦးချိုအေး (ACA) ဖုန်း- ၀၉၅၀၅၇၀၆၆၊ ၆၉၉၅၁၈၊ ဦးသန်းရွှေ (အထက-၁) ဖုန်း- ၆၉၉၃၈၉၊ ဦးစိုးသန်း ဖုန်း- ၅၅၈၆၉၈၊ ၅၅၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း-၀၉၅၁၀၃၀၀၈နှင့် ဦးဆုတင် ဖုန်း- ၀၉၅၀၀၉၉၀၁၊ ၃၈၀၄၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် အခမ်းအနား အစည်းအဝေးများသို့ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)




## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ နိုင်ငံစုံတပ်ဖွဲ့များက စစ်သွေးကြွများအား ရှာဖွေဖမ်းဆီး

**ကဘူး အောက်တိုဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် အောက်တိုဘာ ၂၇ရက်၌ အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များအား ထောက်ခံသည့် အာဖဂန်တပ်ဖွဲ့များသည် တာလီဘန်နှင့် ဟက်ကာနီ အဆက်အနွယ်များကို ပစ်မှတ်ထားပြီး စစ်ဆင်ရေးပြုလုပ်ရာ စစ်သွေးကြွတစ်ဦးသေဆုံးပြီး ခုနစ်ဦး ဖမ်းဆီးရမိကြောင်း အင်္ဂါနေ့တွင် နိုင်ငံစုံတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

အလားတူ နိုင်ငံစုံတပ်ဖွဲ့များက ဂါဇနီပြည်နယ် ဝါဂဟက်ဇ်ခရိုင်အတွင်း တာလီဘန်စစ်သွေးကြွများကို ပစ်မှတ်ထားပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

ထို့ပြင် အာဖဂန်နစ္စတန်အနောက်ပိုင်း၌ အောက်တိုဘာ ၂၇ ရက်ကလည်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံစုံ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

**အင်တာနက်။**

## အာဖဂန်နစ္စတန်မြောက်ပိုင်း၌အသေခံဗုံးဖြင့်တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘက်ဂလန်ပြည်နယ်တွင် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းက ရဲစခန်းဝင်းအတွင်း အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း နိုင်ငံစုံတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားပုံမှာ ဘက်ဂလန်ပြည်နယ်မြို့တော် ပေါ-အီ-ကူမရီရှိပြည်နယ် ရဲစခန်းအတွင်း၌ အာဖဂန်ရဲတပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များအစည်းအဝေးပြုလုပ်နေစဉ် ရဲဝတ်စုံဝတ်ဆင်ထားသည့် အသေခံဗုံးခွဲသမားတစ်ဦးက ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၊ အာဖဂန်ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ကလေးတစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်းဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

## အီရတ်နိုင်ငံမြောက်ပိုင်းသို့ တူရကီစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်

**အန်ကာရာ အောက်တိုဘာ ၂၈**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းများရှိရာသို့ တူရကီစစ်လေယာဉ်များနှင့် အမြောက်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

အောက်တိုဘာ ၂၈ရက်တွင်အီရတ်မြောက်ပိုင်းရှိ ဟာကတ်ဒေသ၊ အာဗာဆင်-ဘတ်စ်ယန်ဒေသနှင့် ဇပ်ဒေသများသို့ တူရကီလေယာဉ်များက သွားရောက်ဗုံးကြဲကြပြီးနောက် အမြောက်တပ်ဖွဲ့များက ဆက်လက်ပစ်ခတ်ကြကြောင်း သိရသည်။ ထိုတိုက်ခိုက်မှုများမှာ အောင်မြင်ကြောင်း စစ်ဘက်က ထုတ်ပြန်သည်။

ကာဒစ္စတန် အလုပ်သမားပါတီ သို့မဟုတ် ပီကေကေသူပုန်များသည် တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေထူထောင်ရန် ၁၉၈၄ ခုနှစ်ကတည်းက လှုပ်ရှားနေကြခြင်းဖြစ်သည်။ ၎င်းတို့သည် အီရတ်နိုင်ငံ နယ်စပ်ဒေသတွင် ခိုလှုံနေပြီး တူရကီနိုင်ငံအတွင်းသို့ မကြာခဏဝင်ရောက်ကာ ပစ်ပြေးပြေးသည့် တိုက်ခိုက်နည်းကို ကျင့်သုံးလျက်ရှိသည်။

ယခုနှစ်အတွင်း တူရကီတပ်ဖွဲ့များသည် နယ်စပ်ကို ဖြတ်ကျော်ကာ အီရတ်နိုင်ငံအတွင်း ဝင်ရောက်၍ အဓိက စစ်ဆင်ရေးများ ဆင်နွှဲခဲ့သည်။ **အင်တာနက်။**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ကန်စစ်ယာဉ် ဟမ်းဗီးတစ်စီး အိုင်အီးဒီလမ်းဘေးဗုံး ထိမှန်ခံရ၍ ပျက်စီးနေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်၌ အမေရိကန်တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၂ ဦး သေဆုံး

**ကဘူး အောက်တိုဘာ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒတ်ပြည်နယ်တွင် အောက်တိုဘာ ၂၇ရက်က နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ နိုင်ငံစုံတပ်ဖွဲ့ ရဟတ်ယာဉ် မြေပြင်သို့ ဆင်းသက်စဉ် တိုက်ခိုက်မှုဖြစ်ပွားရာ စစ်သွေးကြွ ၁၂ ဦး သေဆုံးကြောင်း အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။ အာဖဂန်နိုင်ငံ မြို့တော်ကဘူးမှ အနောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိ ဝါဒတ်ပြည်နယ်တွင် ယူအိတ်ချ် - ၆၀ ဘလက်ခ်ဟော့ခ် ရဟတ်ယာဉ်အား စစ်သွေးကြွများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး ရဟတ်ယာဉ်အမှုထမ်းများက ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့သော်လည်း အဆိုပါတိုက်ခိုက်မှုကြောင့် နိုင်ငံစုံတပ်ဖွဲ့မှ သေကျေဒဏ်ရာရရှိမှုများမရှိကြောင်း၊အခင်းဖြစ်ပွားရာနေရာမှ လူအားလုံးလွတ်မြောက်ခဲ့ကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားသည်။ **အင်တာနက်။**





**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း အာမာလီဒေသတွင် အသေခံ ဗုံးခွဲမှုဖြစ်ပွားသော နေရာကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် ဗုံးကွဲမှု ဖြစ်ပွားသောနေရာကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်က ဆီးရီးယားအား တိုက်ခိုက်ခြင်းဖြင့် တင်းမာမှုကိုကြီးမားအောင်လုပ်သည်ဟု ရုရှားစွပ်စွဲ

**မော်စကို အောက်တိုဘာ ၂၉**

အီရတ်နယ်စပ်အနီးရှိ ဆီးရီးယား မွေးမြူရေးကျေးရွာအား အမေရိကန်ရဟတ်ယာဉ်များက ကျူးကျော်တိုက်ခိုက်ကြောင်း ကြေညာပြီးသည့်နောက် ရုရှားနိုင်ငံက အမေရိကန်ပြည်ထောင်စုအား အရှေ့အလယ်ပိုင်းဒေသတွင် အန္တရာယ်ကြီးမားသော တင်းမာမှုများကို ပိုမိုကြီးမားလာအောင်လုပ်ဆောင်နေသည်ဟု တနင်္လာနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

အဆိုပါ ကျူးကျော်တိုက်ခိုက်မှုအတွက် ရုရှားနိုင်ငံက အလွန်အမင်း စိုးရိမ်ပူပန်ရကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။ အကြမ်းဖက်ဝါဒကို ဆန့်ကျင်တိုက်ခိုက်ရန်ဟူသော ကြွေးကြော်သံအောက်မှာ အခြားတိုင်းတစ်ပါး၏ နယ်မြေပိုင်ဆိုင်မှုပေါ်တွင် ဤသို့တိုက်ခိုက်မှု မပြုလုပ်သင့်ကြောင်း၊ ယခုတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချရမှာဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းသို့တိုက်ခိုက်ခြင်းသည် ဒေသတွင်း အခြေအနေကို မကောင်းသောအကျိုးဆက်များ ဖြစ်ပေါ်စေမည်မှာ သိသာကြောင်း၊ အန္တရာယ်ကြီးမားသည့် လက်နက်စွဲကိုင်သည့် တင်းမာမှုများကို ကျယ်ပြန့်လာစေမှာ ဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ။**

## အမေရိကန် ကျူးကျော်မှု အာရပ်အဖွဲ့ချုပ် ရှုတ်ချ

**ကိုင်ရို အောက်တိုဘာ ၂၉**

ကိုင်ရိုအခြေစိုက် အာရပ်အဖွဲ့ချုပ်က ဆီးရီးယားပိုင်နက် နယ်မြေအတွင်းသို့အမေရိကန်ပြည်ထောင်စုက လေကြောင်းမှ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခြင်းကို ရှုတ်ချလိုက်သည်။ ထိုတိုက်ခိုက်မှုကြောင့် ဆီးရီးယားအရပ်သားရှစ်ဦး သေဆုံးခဲ့ကြရသည်။

ယခုကဲ့သို့ ဆီးရီးယားနိုင်ငံကို ကျူးကျော်စော်ကားခြင်းသည် ဒေသအတွင်းလုံခြုံရေးထူထောင်ရန် ကြိုးစားနေခြင်းအား မအောင်မမြင် ဖြစ်စေကြောင်း၊ တင်းမာမှုများကို ပိုမိုကြီးမားလာစေမှာဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ်က ယင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

အဖွဲ့ချုပ်က ဆီးရီးယားနိုင်ငံနှင့် သွေးစည်းညီညွတ်ကြောင်း အတည်ပြုပြီး ဆီးရီးယားနိုင်ငံသားများနှင့် ဆီးရီးယားအချုပ်အခြာပိုင်ဆိုင်မှုကို ကာကွယ်ရန် ဆီးရီးယားနိုင်ငံအား အာရပ်အဖွဲ့ချုပ်က ထောက်ခံကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲသဖြင့် လူကိုးဦး သေဆုံးခဲ့ရသောနေရာကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်မြောက်ပိုင်းပစ်ခတ်မှု ရဲတပ်သားသစ်လေးဦးသေဆုံး

**မိုဆူး အောက်တိုဘာ ၂၈**

အီရတ်နိုင်ငံ နင်နီဗာ့ပြည်နယ် မိုဆူးမြို့တွင် အောက်တိုဘာ ၂၈ ရက်က ရဲတပ်သားသစ်စုဆောင်းရေးဌာနအား အမည်မသိသေနတ်သမားများက ပစ်ခတ်မှုကြောင့် ရဲတပ်သားသစ်လေးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားပုံမှာ မိုဆူးမြို့တောင်ပိုင်း ဟေအယ်လ်အမီးလ် ရပ်ကွက်တွင် အီရတ်ရဲတပ်ဖွဲ့များအား တိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များကလမ်းများကို ချက်ချင်းပိတ်ဆို့ပြီး သေနတ်သမားများအား ရှာဖွေလျက်ရှိသည်။ ဒဏ်ရာရရှိသူများကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **အင်တာနက်။**

## တွန်ဂါတပ်ဖွဲ့များကို အီရတ်နိုင်ငံမှ ပြန်လည်ခေါ်ယူမည်

**နကူအလိုဖာ အောက်တိုဘာ ၂၈**

ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော တွန်ဂါနိုင်ငံသည် ယင်းနိုင်ငံမှ အီရတ်သို့ စေလွှတ်ထားသော တပ်ဖွဲ့ဝင်များကို ၂၀၀၈ခုနှစ်အကုန်တွင် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကာကွယ်ရေးဌာနအကြီးအကဲက ပြောကြားသည်။

တွန်ဂါနိုင်ငံသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၅၅ ဦးကို စေလွှတ်ထားသည်။ ထိုတပ်ဖွဲ့ဝင်များကို ခရစ္စမတ်မတိုင်မီဌာနေသို့ ပြန်ခေါ်မည် ဖြစ်ကြောင်း တွန်ဂါကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်တာဦအာကာ ဦတာအာတူက အောက်တိုဘာ ၂၇ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ မေတ္တာရပ်ခံချက်အရ တွန်ဂါနိုင်ငံသည် ၂၀၀၄ ခုနှစ်မှစ၍ တပ်ဖွဲ့ဝင်အချို့ကို အီရတ်နိုင်ငံသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

**အင်တာနက်။**



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်သေး(မဟာဗုဒ္ဓဝင်တောထွက်ခန်း)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်း ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်သေး(မဟာဗုဒ္ဓဝင်တောထွက်ခန်း)ပြိုင်ပွဲတွင် ဆိုဂိုပြော ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဇေယျာသီရိရုပ်စုံ သဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်သေး(မဟာဗုဒ္ဓဝင်တောထွက်ခန်း) ပြိုင်ပွဲတွင် ဆိုင်းထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းမှ မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

### ❍ မြန်မာ့ရိုးရာမှ

အောင်မြင်ဖြစ်ထွန်းလာလျက်ရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲကြီးကနေ မြန်မာမှုဓလေ့စရိုက်အစဉ်အလာတွေ၊ မြန်မာ့ရိုးရာ တွေးခေါ်မြော်မြင်မှုသဘောတရားတွေ၊ မြန်မာ့ကျင့်ဝတ်နီတိ အသိအလိမ္မာတရားတွေကို မြန်မာ့လူ့ဘောင်မှာ အစဉ်နိုးကြား ရှင်သန်နေအောင် စေ့ဆော်ပေးနိုင်တာကို တွေ့ရပါတယ်။

ပြိုင်ပွဲဝင်တင်ဆက်မှုများကို ကြည့်ရင် အဆို၊အတီးကဏ္ဍများမှာ မြန်မာ့ဂီတရဲ့ပင်ကိုစရိုက် အနှစ်သာရနဲ့အညီ သာယာငြိမ့်ညောင်းပြီး ခံ့ညားထည်ဝါတဲ့ သံစဉ်ဖွဲ့စည်းမှုအမျိုးမျိုးကို အနုပညာရှင်များရဲ့ အကွန့်အမြူးအစီအခြယ် အသွယ်သွယ်တို့နဲ့တွဲဖက်ပြီး မြန်မာ့ဂီတရဲ့ရသကို ဖော်ထုတ်တင်ဆက်နိုင်ကြတာ တွေ့ရပါတယ်။

အရေးပြိုင်ပွဲမှာ ရေးခြယ်သီကုံးကြတဲ့ တေးသီချင်းများကို ကြည့်ရင်လည်း ပြိုင်ပွဲဝင် အနုပညာရှင်များရဲ့ စာပေဗဟုသုတနဲ့စပ်ပြည့်စုံမှု၊ အသုံးအနှုန်းပရိယာယ်ကြွယ်ဝကျစ်လျစ်မှု၊ ဂီတသဘောတရား ကျွမ်းဝင်ပိုင်နိုင်မှု၊ အလင်္ကာရသမြောက် တန်ဆာဆင်ဖွဲ့ဆိုနိုင်မှု အရည်အသွေးများကိုသာမက မိမိနိုင်ငံ မိမိလူမျိုးအပေါ်ထားရှိတဲ့ စေတနာနဲ့ စိတ်ဓာတ်ပေါ်လွင်နေမှုကိုပါ တွေ့ကြရမှာ ဖြစ်ပါတယ်။

အကပြိုင်ပွဲများမှာ ခန္ဓာကိုယ်တစ်ခုလုံး အချိုးအဆစ်ကျကျ တင့်တယ်ပြေပြစ်စွာ လှုပ်ရှားကပြနိုင်ကြတာဟာ သိမ်မွေ့နက်ရှိုင်းလှတဲ့ မြန်မာအကရဲ့ သရုပ်သကန်ကို ထင်ရှားစေလျက်ရှိပါတယ်။

ရုပ်သေးပြိုင်ပွဲများမှာ ပြသသွားတဲ့ ဆိုဂိုပြောပညာရပ်များနဲ့ ကြိုးဆွဲပညာရပ်တွေဟာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးတက်ကောင်းမွန်လာတဲ့အလျောက် ရုပ်သေးရုပ်လေးများကို သက်ရှိလူသားနဲ့မခြား သဘာဝကျကျ သက်ဝင်လှုပ်ရှားစေပြီး ရသမြောက်အောင် ကပြနိုင်ကြတာ တွေ့ရပါတယ်။

ယခုနှစ် ရုပ်စုံသဘင်ပြိုင်ပွဲရဲ့ မဟာဗုဒ္ဓဝင်တောထွက်ခန်း ယှဉ်ပြိုင်တင်ဆက်မှုများမှာ မြတ်ဗုဒ္ဓဟာ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့တဲ့ နောက်ဆုံးဘဝမှာ "ဖွားတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ အဘိဓမ္မာတရား ဟောကြားတော်မူခြင်းနဲ့ ပရိနိဗ္ဗာန်စံတော်မူခြင်း"စတဲ့ ဖြစ်တော်စဉ်များထဲက တောထွက်ခန်းရဲ့ ဓမ္မရသကို ပေါ်လွင်အောင် ဖော်ညွှန်းတင်ဆက်နိုင်ကြတာ တွေ့ရပါတယ်။

အထူးသဖြင့် ပြဇာတ်ပြိုင်ပွဲများမှာ "လူငယ်အားမာန် မိုးယံဆီသို့" ဆိုတဲ့ ခေါင်းစဉ်နဲ့အညီ လူငယ်များရဲ့ အပြုသဘောဆောင်တဲ့စိတ်ဓာတ်၊ ဒို့တာဝန် အရေးသုံးပါးအပေါ် ပြင်းပြထက်သန်တဲ့ ခံယူချက်၊ နိုင်ငံ့အပေါ်ထားရှိတဲ့ စေတနာတို့ပေါင်းစည်းပါဝင်တဲ့ လူငယ်အားမာန်ကို ဖော်ညွှန်းကပြရင်း အပြိုင်အဆိုင်တင်ဆက်သွားကြတာဟာ အလွန်ပဲ ပီပြင်လှပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ▲**

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်လူဦးရေ၊ ပြိုင်ပွဲဝင်အရေအတွက်နှင့် (ရွှေ ငွေ ကြေး) ဆုရရှိမှု

| စဉ် | ပြည်နယ်/တိုင်း | ပြိုင်ပွဲဝင် လူဦးရေ | ပြိုင်ပွဲဝင် အရေအတွက် | ရွှေ | ငွေ | ကြေး | အထူးဆု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၄၃၀ | ၆၂၂ | ၈၀ | ၆၂ | ၄၈ | | ၁၉၀ |
| ၂ | မန္တလေး | ၄၆၆ | ၅၄၉ | ၄၄ | ၄၁ | ၅၁ | | ၁၃၆ |
| ၃ | စစ်ကိုင်း | ၁၆၉ | ၂၂၇ | ၂၀ | ၁၃ | ၈ | | ၄၂ |
| ၄ | ဧရာဝတီ | ၁၆၇ | ၂၇၈ | ၁၆ | ၂၂ | ၁၅ | | ၅၃ |
| ၅ | ပဲခူး | ၁၃၅ | ၁၇၉ | ၁၄ | ၁၈ | ၁၆ | | ၄၈ |
| ၆ | မွန် | ၉၈ | ၁၃၄ | ၇ | ၄ | ၁၀ | | ၂၁ |
| ၇ | ကချင် | ၈၁ | ၉၄ | ၇ | ၂ | ၂ | ၁ | ၁၂ |
| ၈ | မကွေး | ၁၄၄ | ၁၇၄ | ၃ | ၃ | ၂ | | ၈ |
| ၉ | ကရင် | ၆၂ | ၈၀ | ၃ | ၁ | ၁ | | ၅ |
| ၁၀ | ရခိုင် | ၆၈ | ၈၁ | ၂ | ၇ | ၆ | | ၁၅ |
| ၁၁ | တနင်္သာရီ | ၅၄ | ၆၄ | ၂ | ၂ | ၆ | | ၁၀ |
| ၁၂ | ကယား | ၃၆ | ၃၈ | ၂ | ၂ | ၁ | | ၅ |
| ၁၃ | ချင်း | ၂၉ | ၃၃ | ၂ | ၁ | ၁ | | ၄ |
| ၁၄ | ရှမ်း | ၄၆ | ၅၂ | ၂ | - | ၇ | | ၉ |
| | **စုစုပေါင်း** | ၁၉၈၅ | ၂၆၀၅ | ၂၀၅ | ၁၇၈ | ၁၇၄ | ၁ | ၅၅၈ |



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲတွင် အကောင်းဆုံးသရုပ်ဆောင်ဆု အမျိုးသား ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ မောင်တင်မောင်ဆန်းမင်းဝင်း(ခ)ဂေါလီအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲတွင် အကောင်းဆုံးသရုပ်ဆောင်ဆု အမျိုးသမီး ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ မစန်းနီလာဝင်း(ခ) ဒေါက်တာမေကောင်းကင်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု ရရှိသည့် မန္တလေးတိုင်းမှ ဒေါ်တင်တင်မျိုးရည်(ခ)ဒေါ်ငွေခင်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) "လူငယ်အားမာန် မိုးယံဆီသို့" ပြဇာတ်ပြိုင်ပွဲတွင် ဒါရိုက်တာဆုရရှိသည့် ရန်ကုန်တိုင်းမှ ဦးနန်းဝင်းအား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)

▲ **စာမျက်နှာ ၄ မှ**

ဒါကြောင့် ယနေ့အချိန်အခါလို နိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့ အချိန်ကာလမှာ ပြဇာတ်ရဲ့စည်းရုံးစေ့ဆော်နိုင်မှုစွမ်းအားကိုအသုံးချပြီး ပြည်သူ့ အကျိုးကို အနုပညာစွမ်းအားဖြင့် သယ်ပိုးသွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ယနေ့ကျင်းပတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးရဲ့ ဆုချီးမြှင့်ပွဲ အခမ်းအနားမှာ အထူးတလည် ပြောကြားလိုတဲ့ အချက်ကတော့ အချို့သောနိုင်ငံတွေအနေနဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ ယိုယွင်းတိမ်းပါးလာတဲ့အတွက် ပြန်လည်ထိန်းသိမ်းမြှင့်တင်ဖို့ ကြိုးစားအားထုတ်နေရတဲ့အခြေအနေမှာ မိမိတို့ မြန်မာနိုင်ငံအနေနဲ့ ခမ်းနားထည်ဝါတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို တင့်တင့်တယ်တယ် ခိုင်ခိုင်မြဲမြဲ စောင့်ရှောက်နိုင်လျက်ရှိနေတာဟာ လွန်စွာမှ ဂုဏ်ယူဝင့်ကြွားစရာဖြစ်ပါကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို တိုင်းတစ်ပါးရဲ့ ထိုးဖောက်လွှမ်းမိုးမှုဒဏ်ကြောင့် ယိုယွင်းတိမ်းပါးနိမ့်လျော့မသွားစေရေးအတွက် ထိန်းသိမ်းမြှင့်တင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဟာ ယခုနှစ်အဖို့ ပြီးဆုံးသွားပြီဖြစ်ပေမယ့် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" "တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး" "တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး" "အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး" စတဲ့ ပြိုင်ပွဲကြီးရဲ့ဦးတည်ချက်များကို ဦးလည်မသုန် ဆက်လက်သယ်ပိုးသွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) (ဘူရိဒတ်ဇာတ်တော်ကြီး) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဇာတ်အဖွဲ့အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) ဘူရိဒတ်ဇာတ်တော်ကြီး ပြိုင်ပွဲတွင် သမုဒ္ဒဇာထူးချွန်ဆုရရှိသည့် ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်ကြည်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဝါသနာရှင်အဆင့်(ပထမတန်း) (ဘူရိဒတ်ဇာတ်တော်ကြီး) ပြိုင်ပွဲတွင် ဇာတ်ညွှန်းထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းမှ ဦးဇွဲထက်ရှား (မန်းပန်တျာ)အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးမဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မွန်ပြည်နယ်မှ ဦးခင်မောင်ဇော်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ✳ (၁၆)ကြိမ်မြောက်မှ

ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရုပ်သေး(မဟာဗုဒ္ဓဝင် တောထွက်ခန်း)ပြိုင်ပွဲ၌ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ပထမဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ တော်ဝင်ရုပ်စုံသဘင်အဖွဲ့၊ တတိယဆုရ စစ်ကိုင်းတိုင်း ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့တို့အား လည်းကောင်း၊ ရုပ်သေး(မဟာဗုဒ္ဓဝင်တောထွက်ခန်း)ပြိုင်ပွဲတွင် ကြိုးဆွဲထူးချွန်ဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့၊ ဆိုင်ပြောထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့၊ ဆိုင်းထူးချွန်ဆုရ မန္တလေးတိုင်းမှ မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့၊ ဇာတ်ညွှန်းထူးချွန်ဆုရ မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေ (မန်းသိင်္ဂီရုပ်စုံသဘင်အဖွဲ့)တို့အားလည်းကောင်း၊ (လူငယ်အားမာန် မိုးယံဆီသို့)ပြဇာတ်ပြိုင်ပွဲ၌ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်း ပြဇာတ်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းပြဇာတ်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ပြဇာတ်အဖွဲ့၊ အထူးဆုရ ကချင်ပြည်နယ်ပြဇာတ်အဖွဲ့တို့အားလည်းကောင်း၊ လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသည့် အကောင်းဆုံး သရုပ်ဆောင်ဆု(အမျိုးသား)ဆုရ ရန်ကုန်တိုင်းမှ မောင်တင်မောင်ဆန်းမင်းဝင်း(ခ)ဂေါ်လီ၊ အကောင်းဆုံးသရုပ်ဆောင်ဆု (အမျိုးသမီး)ဆုရ ရန်ကုန်တိုင်းမှ မစန်းနီလာဝင်း(ခ)ဒေါက်တာ မေကောင်းကင်၊ အကောင်းဆုံးဇာတ်ပို့ဆု(အမျိုးသား)ဆုရ ရန်ကုန်တိုင်းမှ ဦးဇော်ဝင်းမောင်(ခ)ကိုကောင်းမြတ်၊ စစ်ကိုင်းတိုင်းမှ ဦးအိုးဝေ(ခ)ဦးမှိုင်းညို၊ အကောင်းဆုံးဇာတ်ပို့ဆု (အမျိုးသမီး)ဆုရ မန္တလေးတိုင်းမှ ဒေါ်တင်တင်မျိုးရည်(ခ)ဒေါ်ငွေခင်၊ ဇာတ်ပို့တီးဝိုင်းဆုရ မန္တလေးတိုင်းမှ ဦးလှဝင်းနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ပြည်မြန်မာဟိန်းရာဇာ၊ ဒါရိုက်တာဆုရ ရန်ကုန်တိုင်းမှ ဦးနန်းဝင်း၊ ဇာတ်ညွှန်းဆုရ ဧရာဝတီတိုင်းမှ ဦးခင်မောင်လွင် (ဆရာအတတ်သင်)တို့အား လည်းကောင်း၊ ဘူရိဒတ် ဇာတ်တော်ကြီးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)၌ ပထမဆုရ ရန်ကုန်တိုင်းဇာတ်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဇာတ်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းဇာတ်အဖွဲ့၊ ဘူရိဒတ်ထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ကိုဝင်း၊ သမုဒ္ဒဇာထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်ကြည်၊ အလမ္ပာယ် ပုဏ္ဏားထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဦးအိုးဝေ၊ သုဒဿနထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ဦးအောင်ဖြိုးဟိန်း၊ နှစ်ပါးသွားထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ကိုဝင်း၊ ဒေါ်မြင့်မြင့်ကြည်၊ ဇာတ်ပို့ဆိုင်းထူးချွန်ဆုရ ရန်ကုန်တိုင်းမှ ဦးစိန်လှငွေ၊ ဇာတ်ညွှန်းထူးချွန်ဆုရ မန္တလေးတိုင်းမှဦးဖွဲ့ထက်ရှား(မန်းပန်တျာ) တို့ အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇာတ်ဝင်နှစ်ပါးသွားထူးချွန်ဆုရရှိကြသည့် ရန်ကုန်တိုင်း ဇာတ်အဖွဲ့မှ မင်းသားဦးအောင်ကိုဝင်းနှင့် မင်းသမီး ဒေါ်မြင့်မြင့်ကြည်တို့က နှစ်ပါးသွားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားမဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ ဦးကျော်ကျော်ဟန်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဦးမင်းဟန်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဦးလှိုင်၊ ဝါသနာရှင် အဆင့် (ဒုတိယတန်း)အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးထိန်လင်းအောင်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုး၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ထျန်လျန်ကပ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)အထိ အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ) ထက်အောင်လင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားမဟာဂီတအဆိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မောင်ဝဏ္ဏနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားမဟာဂီတ ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလှမင်းအောင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဝါသနာရှင်အဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်၊ ဝါသနာရှင်အဆင့် အမျိုးသမီး (ဒုတိယတန်း) မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြသက်နှင်း၊ ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ထက်ထက်မော်နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မမို့မို့သူဇာ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိစုဝေနှင့် တတိယဆုရ မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူ၊ အခြေခံပညာအဆင့်အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီးမဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✽



**အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့်မွန်ပြည်နယ်မှ ဒေါ်ဖြူဖြူအောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အသက် (၁၅)နှစ်မှ(၂၀)အထိအခြေခံပညာအဆင့်အမျိုးသား ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်မှ မောင်လတ်ရှောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အခြေခံပညာအဆင့် အသက် (၁၀) နှစ်မှ (၁၅) နှစ်အထိ အမျိုးသားအကပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော် (ခ) ဖြိုးဖြိုးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲ ပထမဆု ရရှိသည့် မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဝါသနာရှင်အဆင့်(ပထမတန်း) ကွက်စိပ် ပံ့ပိုးဆိုင်းပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသည့် စစ်ကိုင်းတိုင်းမှ ရွှေကျည်ဆံအဖွဲ့အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

## စေတနာမွန်

ဦးတည်ချက် (၄)ရပ်၊
တွေးမှတ်စေချင်၊
ယဉ်ကျေးမှုအမွေကောင်း၊
လမ်းကြောင်းပေါ်လွင်။ ။
ဆို၊ က၊ ရေး၊ တီး စုံလင်၊
ဂုဏ်အင်ပြည့်၊ မြန်မာမျိုး။ ။
ချောင်းရိုးသာတိမ်ကောမယ်၊
ကိုယ်ပိုင်ဟန်မရွေ့လျောရအောင်၊
သဘောမှန်စေတနာဖြင့်၊
ဂုဏ်ဆောင်ကာ၊ တွန်းအားပေးတယ်၊
ညီနောင်တို့ရယ်----
အမျိုးသားရေးအကျိုး။ ။

**ရွှေခြံသန်းမြင့်**

❁ စာမျက်နှာ ၆ မှ

ရန်ကုန်တိုင်းမှ မယဉ်မွန်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်နှင့် တတိယဆုရ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မစုယဉ်ထွန်း၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ မသက်ထားဖူးနှင့် တတိယဆုရ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မချိုဇင်သန့်၊ ဒုတိယဆုရ မွန်ပြည်နယ်မှ မမေသဇင်နှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ဧရာဝတီတိုင်းမှ ဦးရဲထိုက်နှင့် ရှမ်းပြည်နယ်မှ ဦးစိုင်းညီမြင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးသန်းမြတ်စိုးနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဦးသက်နိုင်၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးခင်မောင်ဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦးနှင့် တတိယဆုရ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်သီဟကျော်၊ ဒုတိယဆုရ ကရင်ပြည်နယ်မှ စိုင်းသိန်းမြင့်ထွန်းနှင့် တတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသားခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ) ထက်အောင်လင်း၊ ဒုတိယဆုရရှိကြသည့် ပဲခူးတိုင်းမှ မောင်သီဟလင်းနှင့် မန္တလေးတိုင်းမှ မောင်ဟိန်းလတ်၊ တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်းနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မောင်ရဲလင်းကျော်၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ရဲသူရလွင်၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်းနှင့် တတိယဆုရရှိကြသော ပဲခူးတိုင်းမှ မောင်နိုင်နိုင်စိုးနှင့် မန္တလေးတိုင်းမှ မောင်သာနေဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်နှင့် တတိယဆုရ ပဲခူးတိုင်းမှ မဥမ္မာ၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ဖြူဖြူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ထူးသန္တာကျော်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မရတနာဦး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိစုဝေနှင့် တတိယဆုရ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီးခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ မန္တလေးတိုင်းမှ မပန်းအိနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီးခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မနွေးနွေး၊ ဒုတိယဆုရ ချင်းပြည်နယ်မှ မမေသူသူထွန်း၊ တတိယဆုရရှိကြသည့် မွန်ပြည်နယ်မှ မခိုင်ဇာဝင်းနှင့် ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ချင်းပြည်နယ်မှ မအက်စတာဒေါ်သ်ချင်းဆုန်၊ ဒုတိယဆု ရရှိကြသည့် မန္တလေးတိုင်းမှ မမိုင်းမိုင်းခန့်နှင့် ရန်ကုန်တိုင်းမှ မခင်ဘုန်းပွင့်စံ၊ တတိယဆုရ စစ်ကိုင်းတိုင်းမှ မဆုဝေဝေလွင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးရဲထိုက်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းသူနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဘိုဘိုလင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရရှိကြသည့် ရန်ကုန်တိုင်းမှ မောင်သီဟကျော်နှင့် စစ်ကိုင်းတိုင်းမှ မောင်ထျန်လျန်ကပ်၊ ဒုတိယဆုရ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်စိုင်းတင့်လွင်ဦး၊ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသားခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်လတ်ရှောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထွန်းပြည့်အောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်နိုင်မိုး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရမွန်ပြည်နယ်မှ မဖြူဖြူအောင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မသင်းသင်းခိုင်နှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မချောစုစံ၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မယမုံဦး၊ ဒုတိယဆုရရှိကြသည့် ရခိုင်ပြည်နယ်မှ မစောနှင်းနွယ်နှင့် ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်၊ အခြေခံပညာအဆင့် (အမျိုးသမီး) အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မပန်းအိ၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမိုးဆန်းသူနှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဆိုပြိုင်ပွဲတွင် အကောင်းဆုံးထူးချွန်ဆုရရှိသူတစ်ဦးဖြစ်သည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဒေါ်ဖြူဖြူအောင်က ဆုရပြိုင်ပွဲဝင် တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးတင်ဝင်းအောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန်းထွဋ်အောင်၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အကပြိုင်ပွဲ၏ ပံ့ပိုးဆိုင်း ပထမဆုရ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးတင်ဝင်းအောင် ပံ့ပိုးဆိုင်းအဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်သန်းထွဋ်အောင် ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မောင်ချမ်းညီချမ်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးစောမြလင်းစိုးနှင့် တတိယဆုရ ချင်းပြည်နယ်မှ မောင်အောင်ဆန်းပွင့်၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာလင်း (ခ) ဇွဲစစ်နိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်နေဝင်းထွဋ်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်နိုင်လင်းဦး၊ အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆု ရရှိကြသည့် ကရင်ပြည်နယ်မှ မောင်စောသူရိန်ထွန်း (ခ) အာတူနှင့် မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော် (ခ) ပိုင်ပိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်အေးမောင်မောင်၊ အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ) ဖြိုးဖြိုး၊ ရန်ကုန်တိုင်းမှ မောင်သော်ဇင်ထွန်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသားအကပြိုင်ပွဲ၌ ပထမဆုရ ကရင်ပြည်နယ်မှ မောင်အေးချမ်းမင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းဇော်ဦးနှင့် တတိယဆုရ မွန်ပြည်နယ်မှ မောင်လင်းညီညီခန့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသစ်သစ်လွင်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မနီနီအောင်၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပံ့ပိုးဆိုင်းအဖွဲ့ ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေ ပံ့ပိုးဆိုင်းအဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသစ်သစ်လွင် ပံ့ပိုးဆိုင်းအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မနီနီအောင် ပံ့ပိုးဆိုင်းအဖွဲ့၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မဝမ်းကေဇင်၊ တတိယဆုရ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲတွင် ပထမဆုရ မကွေးတိုင်းမှ မအိယမုံဖူး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်း၊ တတိယဆုရ ရန်ကုန်တိုင်းမှ မကြူကြူစိုး၊ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မမေသကြန်၊ တတိယဆုရ ရန်ကုန်တိုင်းမှ မရွှေစင်မြင့်၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသမီးအကပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရှုမဝ(ခ)ရွှန်းလဲ့ရှုပါမွန်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မသီရိမေ၊ တတိယဆုရ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး အကပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဖူးထက်ဝင်းအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်၊ တတိယဆုရရှိကြသော မန္တလေးတိုင်းမှ မအိကေခိုင်မျိုးနှင့် စစ်ကိုင်းတိုင်းမှ မအိသက်ပိုင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကွက်စိပ်ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း)၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ ဦးသန်းစိန်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးနန်းမြင့်ဆွေ၊ တတိယဆုရ ပဲခူးတိုင်းမှ ဦးမင်းညွန့်၊ ကွက်စိပ်ပံ့ပိုးဆိုင်းပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ပထမတန်း)၌ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းမှ ရွှေကျည်ဆံ အဖွဲ့၊ ကွက်စိပ်ဇာတ်ညွှန်းတွင် ဝါသနာရှင်အဆင့်(ပထမတန်း)၌ ထူးချွန်ဆုရ ဧရာဝတီတိုင်းမှ စွယ်စုံမြတ်မိုးမင်း (ဦးမြအေး)၊ ရုပ်သေး(သူငယ်တော်မင်းသမီး)ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ရဲညီညီ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာအောင်၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်ကျော်သက်ဦး၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနှင်းငယ်ငယ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသီရိရတနာစိုးဟန်၊ တတိယဆုရ မကွေးတိုင်းမှ မစုဦးထက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကပြိုင်ပွဲ၌ အကောင်းဆုံးထူးချွန်ဆုရရှိသူ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရန်ကုန်တိုင်းမှ မနှင်းစုလှိုင်က ပြိုင်ပွဲဝင်အကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး အလံပြဘုရားကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်သို့ တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၂၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားကျောင်းတိုက်၌ ကျင်းပသည့် တပ်မိသားစုများ၏ စုပေါင်းမဟာဘုံကထိန်သို့ တက်ရောက်ကြည်ညိုကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အိမ်တော်ရာ ကမ္ဘာ့အေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။**

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အလံပြဘုရားကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒအားလည်းကောင်း၊ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ကမ္ဘာ့အေးကျောင်းတိုက်ဆရာတော်များအား လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များက ကမ္ဘာ့အေးကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

## ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇) အမှတ်(၁၂) ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၂၉**

အဆိုပါဂျာနယ်တွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဆက်ဆံရေး ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ရွှေလမ်းငွေလမ်း ကဏ္ဍသစ်ဖွင့်လှစ်၊ တောင်သူလယ်သမားများ လက်ခမောင်းခတ်ကြရမည့် အချိန်ကောင်း၊ မြေထိုးမြေတူးယန္တရားများ ထုတ်လုပ်မှုစက်ရုံ(သာဂရ)၊သွင်းကုန်အစားထိုးနို့ထွက်ပစ္စည်း ပိုမိုထုတ်လုပ်ရေးကြိုးပမ်း စသည့် ဆောင်းပါးများ အပြင် မြန်မာနှင့်ဗီယက်နမ် မုတ္တမကမ်းလွန် M-2 ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်မည်၊ အိန္ဒိယနှင့်တရုတ် စားနပ်ရိက္ခာအကျပ်အတည်းကြောင့် မြန်မာ့စားသောက်ကုန် အခြေခံစက်မှုလုပ်ငန်း အလျင်အမြန် ဖွံ့ဖြိုးလာမည်၊ အာရှ အဝေးပြေးလမ်းမကြီး အချိတ်အဆက် စစ်ကိုင်း-ရွှေဘို-မုံရွာလမ်းစီမံကိန်းစတင်၊ ဂျပန်နှင့်ပူးပေါင်းပြီး စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုးရေးစင်တာများ တည်ဆောက်မည် စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ စုံစုံလင်လင် သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြထားသည်။

ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ပန်းရွှေပြည်စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ရုံး အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဘိုကလေးမြို့နယ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် အောက်တိုဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံပြီး ကျေးရွာအတွင်းဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများ၊ အိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားမှုများ၊ သောက်သုံးရေအတွက် အဝီစိတွင်းတူးဖော်ထားမှုများနှင့် ကျေးရွာစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းတို့၌ ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်နှင့် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် မဂူကျေးရွာအုပ်စု ပိုးလောင်ရွာမကျေးရွာ၌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဆောက်လုပ်လှူဒါန်းသော လူနေအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တော)

# နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာပေတိုက်များမှ ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုစာအုပ်စာတမ်းများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကောဒသမအကြိမ်မြောက် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များမှ အခြေခံပညာသင်ရိုး ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် အလှူရှင်များကိုယ်စား ဦးသန်းမောင်(ပန်းတိုင်စာပေ)က စာအုပ်စာတမ်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး အလှူရှင် ၁၁ ဦးက ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ် ၁၁၈၆၀ တန်ဖိုးငွေကျပ် ၈၀၃၃၁၅၀ ကို အလှူရှင် ၁၁ ဦးက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အလှူရှင်များ လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ ပရဟိတကျောင်းများ၊ နယ်စပ်ဒေသရှိ အခြေခံပညာကျောင်းများသို့ ပေးပို့သွားမည်ဖြစ်ပြီး အမြန်ဆုံး ရောက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၀-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၀ ၉။ **"ကျန်းမာသန်ထွား ဉာဏ်ရည်မြင့်မား" (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ) [ဒါရိုက်တာ-ခင်ဇော်(ကုမုဒြာ)]**
- ၈:၅၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄:၂၀ ၃။ နိုင်ငံ့စီးပွား အလေးထား ကျေးလက် ထုတ်ကုန်များ (အောင်ပန်းမြို့မှ မက်မွန်နှင့် မက်မန်း)
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ အထူးပြုများ) (ရူပဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၀၅ ၇။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၅:၂၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ ဆုရည်၏တေးများ
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း" (အပိုင်း-၂၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ပင်လယ်ပျော် မင်းသား" (အပိုင်း-၄၁)**
- ၁၈။ အစီအစဉ်ပြီး၏။

## အင်တာနက်သတင်း

# အမေရိကန်တွင် ပညာတတ်လူတန်းစားများပင် အိမ်ခြေရာခြေမဲ့များအဖြစ် စာရင်းဝင်လာသည်ကို တွေ့နေရ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၈

**အမေရိကန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် တစ်နေ့တခြား ကျဆင်းနေရာမှ ပိုမိုဆိုးရွားလာသည့်အတွက် ယခင်က ဝင်ငွေကောင်းခဲ့ကြသော ပညာတတ်လူတန်းစားများပင်လျှင် ယခုအခါ အိုးမဲ့အိမ်မဲ့အခြေအနေရောက်ရသူများစာရင်းတွင် ပါဝင်လာသည်ကို တွေ့ရကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်သည့် လော့စ်အိန်ဂျလိစ်ဒေသနှင့် သက်ဆိုင်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။**

အိုးမဲ့အိမ်မဲ့ဖြစ်ရသူများတွင် ရှေ့နေများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အဆင့်မြင့်ပညာတတ်အချို့ပင် ပါဝင်သည်ဟုဆိုသည်။စီးပွားရေး အခက်ကြုံရသဖြင့် ဘားဘင့်ယာယီအကူအညီပေးရေးအဖွဲ့သို့ အကူအညီတောင်းခံသူဦးရေသည် ၁၈ လတာအတွင်း ၆၆ ရာခိုင်နှုန်းအထိ များပြားလာသည်ကို တွေ့ရသည်ဟု ဒေးလီးနယူးစ်သတင်းစာက ဖော်ပြသည်။

အကူအညီတောင်းခံလာသူများအနက် ထက်ဝက်သောအရေအတွက်မှာ လူလတ်တန်းစားများဖြစ်ကြပြီး ၎င်းတို့သည် ယခင်အချိန်က တစ်ကြိမ်တစ်ခါမျှ အိုးမဲ့အိမ်မဲ့ဘဝနှင့် ရင်ဆိုင်ရဖူးခြင်း မရှိသူများဖြစ်သည်ဟု အဆိုပါအကူအညီပေးရေးအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး ဘာဘရာဟိုဂဲလ်က ပြောကြားသည်။ လော့စ်အိန်ဂျလိစ်မှ အိုးမဲ့အိမ်မဲ့များသည် လမ်းဘေးနေရာများ၊ ပန်းခြံများ၊ လူမနေသော အဆောက်အအုံဟောင်းများနှင့် ယာဉ်ရထားများပေါ်တွင် ဖြစ်သလို အိပ်စက်ကြရသည်ဟု ဆိုသည်။

ပြီးခဲ့သောဆယ်စုနှစ်များအတွင်းက အိမ်ခြေရာခြေမဲ့များအပေါ်တွင် ပစ်မှတ်ထား၍ ကျူးလွန်သောပြစ်မှုများ သုံးဆမျှ တိုးပွားလာသည်ကို တွေ့ရသည်။ သို့ဖြစ်၍ နိုင်ငံတွင်း၌ အိမ်ခြေရာခြေမဲ့သူ တိုးပွားလာခြင်းသည် ပြစ်မှုများပြားလာနိုင်သည့် အလားအလာရှိ၍ စိုးရိမ်ရသော အခြေအနေပင်ဖြစ်သည်ဟု ကျွမ်းကျင်သူများက တွက်ဆကြသည်။

***အင်တာနက်။***

## နမ့်စန်-ကျိုင်းတုံ ရထားလမ်း လုပ်ငန်းအခြေအနေ

# တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် နမ့်စန်-ကျိုင်းတုံ ရထားလမ်းတွင် ရထားလမ်းမြေသားတာပေါင်များအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။**

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်မည့် လမ်းကြောင်းရှိ ရထားကူးတံတား ဆောက်လုပ်မည့် ကုန်းပုတ်ကျေးရွာအနီးရှိ နမ့်တိန်းချောင်းသို့ ရောက်ရှိကြပြီး နမ့်တိန်းချောင်းကိုဖြတ်၍ ဖောက်လုပ်ထားသည့် ကားကူးတံတား အမှတ်(၂/၁၉၆)၌ ရထားကူးတံတား ဆောက်လုပ်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အောက်တိုဘာ ၂၇ရက် နံနက်ပိုင်းတွင် ကွန်ဟိန်းမြို့အနီးရှိ နမ့်ပန်ချောင်းအားဖြတ်ကူးသည့် ကွန်ဟိန်းတံတားပေါ်မှ ရထားကူးတံတား ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် တာကောတံတား၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်အတူ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်မည့် လမ်းအူကြောင်း အခြေအနေနှင့် သံလွင်မြစ်ကို ဖြတ်ကူးမည့် ရထားကူးတံတား ဆောက်လုပ်မည့် မြေနေရာကို တာကောတံတားပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့အား တုံတာကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ နမ့်စန်-ကျိုင်းတုံ မီးရထားလမ်း ဖောက်လုပ်မည့် လမ်းအူကြောင်း အခြေအနေများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကိုမှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျိုင်းတုံတက္ကသိုလ်အနီး ကျိုင်းတုံဘူတာရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)





## ကြည့်ရှုစစ်ဆေး

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ နမ့်စန်-ကျိုင်းတုံ ရထားလမ်းတွင် ရထားလမ်း မြေသားတာပေါင်များအား စက်ယန္တရားများ အသုံးပြုဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ရထား)

# မျက်စိဆရာဝန် ညီလာခံ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် (၁၉)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော မျက်စိဆရာဝန်များနှင့် စိတ်ပါဝင်စားသည့် မည်သည့်ဆရာဝန်မဆို နိုဝင်ဘာ ၁၄ ရက် (သောကြာနေ့) နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးတွင် လာရောက် မှတ်ပုံတင်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖျာပုံဆေးရုံကြီးကို ကြည့်ရှုစစ်ဆေး

## ဘရာဇီးဘောလုံးအသင်းအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၉

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် အောက်တိုဘာ ၂၇ ရက်တွင် ဖျာပုံမြို့ရှိ ပြည်သူ့ဆေးရုံကြီး ထပ်မံတိုးချဲ့ဆောက်လုပ်မည့် မြေနေရာ၊ ယုဇနကုမ္ပဏီလီမိတက်မှ လှူဒါန်းသည့် သောက်ရေသန့်စက်နှင့် ဆေးရုံရှိ ခွဲစိတ်ခန်းနှင့် ဆေးကုသဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဖျာပုံမြို့သို့ရောက်ရှိလာသော ဘရာဇီးနိုင်ငံ AME ဘောလုံးအသင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် ဘရာဇီးဘောလုံးအသင်းနှင့်အတူ ဖျာပုံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူကလေးများအား သွားရောက်တွေ့ဆုံအားပေးသည်။

အဆိုပါ ဘရာဇီးဘောလုံးအသင်းသည် ဖျာပုံမြို့မှတစ်ဆင့် ရှမ်းကွင်းကြီးစံပြကျေးရွာသို့ သွားရောက်လေ့လာကြပြီး ကျိုက်လတ်မြို့ဘောလုံးကွင်း၌ ဘောလုံးကစားနည်းများကို လက်တွေ့သင်ကြားပြသ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မန္တလေးနှင့် ပလိပ်မြို့တို့ရှိ CNG အရောင်းဆိုင်များ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပလိပ်မြို့ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သို့ရောက်ရှိပြီး မော်တော်ယာဉ်များအား CNG သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှု အခြေအနေ၊ သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက် (Compressor) များ အခြေအနေနှင့် CNG ဓာတ်ငွေ့ရောင်းချနေမှုအား ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး CNG ယာဉ်များအား သတ်မှတ်သော ဖိအားအတိုင်း အပြည့်အဝ ဖြည့်တင်းပေးရေး၊ ပြည်သူလူထုနှင့် ပြေပြစ်စွာဆက်ဆံရေးနှင့် မီးဘေးအန္တရာယ်ဂရုပြုရေးတို့ကိုမှာကြားကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG) Daughter Station ဆိုင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လက်ရှိဓာတ်ငွေ့ ရောင်းချနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် CNG ဓာတ်ငွေ့ ဖြည့်ဆည်းပေးနေမှုနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး လက်ရှိ CNG Daughter Station အရောင်းဆိုင်အား ရန်ကုန်မြို့ပေါ်ရှိ CNG ဆိုင်များကဲ့သို့ ပိုမိုအဆင့်မြင့်သော စနစ်များ တပ်ဆင်ပြီး CNG ယာဉ်များ ယခုထက် ခရီးမိုင်ပိုမိုသွားနိုင်ရေး ဆောင်ရွက်ပေးသွားရန် မှာကြားကာ CNG ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများအား တွေ့ဆုံနှုတ်ဆက်သည်။ အဆိုပါ မန္တလေးနှင့် ပလိပ် CNG နှစ်ဆိုင်မှ မော်တော်ယာဉ် အစီး ၇၀၀ခန့်ကို နေ့စဉ်သဘာဝဓာတ်ငွေ့ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)၌ ကျင်းပသည်။**

ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်ကြသော ဒေါ်ခင်မေစိုးနှင့် ဒေါ်သွဲ့သွဲ့ဝင်း၊ လုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ ကယ်တင်ခြင်းတပ်၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဝက်ပါ)မှ အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာမများနှင့် သင်တန်းသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာအေးမြတ်လွင်က **"စာဖတ်၍လေ့ကျင့်ခြင်းဖြင့် အမျိုးသမီးဘဝမြှင့်တင်ပေးခြင်း"**အကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်မြဝင်းက**"လူမှောင်ခိုနှင့် လူကုန်ကူးမှု"**အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

# ပါကစ္စတန်နိုင်ငံ၌ ငလျင်လှုပ် လူ ၁၀၀ ကျော် သေဆုံး

## သေဆုံးသူဦးရေ မြင့်တက်လာနိုင်




ကာရာချိ အောက်တိုဘာ ၂၉

**ပါကစ္စတန်နိုင်ငံ အနောက်တောင်ဘက်တွင် အောက်တိုဘာ ၂၉ ရက်က အင်အားပြင်းထန်သည့်ငလျင်တစ်ခု လှုပ်ခဲ့ရာ မြေသားနံရံဖြင့် တည်ဆောက်ထားသော အိမ်ရာပေါင်းများစွာ ပြိုကျပျက်စီးခဲ့ပြီး အနည်းဆုံး လူ ၁၀၀ ခန့်သေဆုံးခဲ့သည်။ ထို့ပြင် သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။**

အဆိုပါ ငလျင်သည် အင်အား ၆ ဒသမ ၄အဆင့်ရှိပြီး ကွေတာမြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ နံနက် အရုဏ်မတက်မီ အချိန်၌ လှုပ်ခတ်သွားခဲ့သည်ဟု အမေရိကန် ဘူမိဗေဒလေ့လာရေးအဖွဲ့ကကြေညာသည်။ ပါကစ္စတန် မိုးလေဝသဌာနကမူ ထိုငလျင်မှာ အင်အား ၆ ဒသမ ၅ အဆင့်ရှိပြီး ဒေသစံတော်ချိန် နံနက် ၅ နာရီ ၁၀ မိနစ်တွင် လှုပ်ခတ်သွားသည်ဟု ပြောကြားသွားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၀၀ခန့် သေဆုံးခဲ့သည်ဟု ဘလူချီစတန်ပြည်နယ် ခရိုင်အုပ်ချုပ်ရေးအရာရှိ ဆိုဖောကရီမန်က အရုဏ်ဦးရုပ်မြင်သံကြားသို့ ပြောကြားသည်။ ထို့ပြင် သေဆုံးသူဦးရေမှာ မြင့်တက်လာဖွယ်ရှိသည်ဟု ၎င်းက ထပ်မံပြောကြားသွားသည်။ ဘလူချီစတန်ပြည်နယ် မြို့တော်ကွေတာ အရှေ့မြောက်ဘက် ကီလိုမီတာ ၇၀ခန့်အကွာရှိ ဇီအာရက် ခရိုင်အရာရှိများ၏ ပြောကြားချက်အရ ငလျင်ကြောင့် အိမ်ရာပေါင်းများစွာမှာ ပြိုကျပျက်စီးခဲ့ရပြီး မြေပြိုမှုများကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများလည်း ရှိကြောင်းသိရသည်။ မိမိတို့အနေဖြင့် ရနိုင်သမျှ ပစ္စည်းများနှင့် လူများအားကယ်ဆယ်ခဲ့ပြီးပြည်နယ် အစိုးရထံသို့လည်း အကူအညီပေးရန် တောင်းခံထားကြောင်း ဇီအာရက်ခရိုင် အကြီးအကဲ ဒီလာဝါခန်းက ပြောကြားသည်။ ယခုတစ်ကြိမ် ငလျင်လှုပ်ခတ်မှုမှာ ပြည်သူအများ သေကျေထိခိုက် ဒဏ်ရာရရှိမှု များပြားသော်လည်း စာရင်းအတိအကျကိုမူ ရနိုင်ခြင်း မရှိသေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ငလျင်လှုပ်ခတ်၍ အဆိုးရွားဆုံး ထိခိုက်ရာနေရာမှ လူများကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ဇီအာရက်တောင်ကြား အထက်ပိုင်းရှိ အချို့ ဝေးလံခေါင်ဖျားသော တောင်ပေါ်ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ မရောက်ရှိသေးကြောင်းသိရသည်။ ဇီအာရက်ခရိုင်တွင် လူဦးရေ ၅၀၀၀၀ ခန့် နေထိုင်လျက်ရှိသည်။ ပါကစ္စတန်တွင် ၂၀၀၅ခုနှစ်က ၇ဒသမ ၆ ပြင်းအားရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လူရှစ်သောင်းကျော် သေဆုံးခဲ့ဖူးသည်။

***အမ်အင်အေ၊ရိုက်တာ။***



## ကြည့်ရှုလေ့လာ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ မြန်မာ့ဆန်စပါး သုတေသနဌာန (မှော်ဘီ)ပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ဆန်စပါးသုတေသနဌာန (မှော်ဘီ)၏ နှစ်(၁၀၀)ပြည့် အခမ်းအနားသို့တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါး သုတေသနဌာန (မှော်ဘီ)၏ နှစ် (၁၀၀)ပြည့် (၁၉၀၈-၂၀၀၈)အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးလှစိုးတို့က နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြန်မာ့ ဆန်စပါး သုတေသနဌာန (မှော်ဘီ)၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆန်စပါး သုတေသနဌာန (မှော်ဘီ) ပြခန်း၌ ပြသထားသော မျိုးကောင်းမျိုးသန့်စပါးများ၊ မျိုးစေ့သန့်စင်မှု စစ်ဆေးခြင်း၊ မျိုးစေ့အစို တိုင်းတာခြင်း၊ မျိုးစေ့အပင်ပေါက် စမ်းသပ်ခြင်း၊ မျိုးစေ့အပင်ပေါက်များရွေးချယ်ခြင်း၊ သဘာဝ မြေဩဇာများ၊ စပါးဖျက်ပိုးများနှင့် ရောဂါများ၊ ပိုးသတ်ဆေးအမျိုးမျိုး၊ အဆင့်မြင့်မျိုးနှင့် အထွက်ကောင်းမျိုးများ၊ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးသော စပါးမျိုးစေ့ငါးမျိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ မျိုးစေ့ခြံများနှင့် မျိုးစေ့သန့်စင်စက်များ၊ တည်နေရာပြမြေပုံ၊ မြန်မာ့ဆန်စပါး သုတေသနဌာန၏ သမိုင်းအကျဉ်း၊ မြန်မာ့ဆန်စပါး သုတေသနဌာနမှ ထုတ်ဝေဖြန့်ဖြူးခဲ့သော စပါးမျိုးများ၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု အခြေအနေနှင့် မြန်မာ့ ဆန်စပါး သုတေသနဌာန၏ ဆောင်ရွက်ချက် မှတ်တမ်းတင်ဓာတ်ပုံနှင့် ပိုစတာများကို ကြည့်ရှုကြသည်။ ယင်းနောက် အထိမ်းအမှတ် အခမ်းအနားကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က မြန်မာ့ဆန်စပါး သုတေသနဌာန(မှော်ဘီ)၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ(မျိုးစေ့ဌာနခွဲ) ဦးစံညွန့်က မြန်မာ့ဆန်စပါး သုတေသနဌာန(မှော်ဘီ)၏ လုပ်ငန်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆန်စပါးသုတေသနဌာနသုတေသနစိုက်ခင်းသို့သွားရောက်ကြပြီး စိုက်ပျိုးထားသည့် မှော်ဘီ(၂)၊ မှော်ဘီ(၃)၊ မှော်ဘီ(၄)၊ မှော်ဘီ(၅)၊ မှော်ဘီကောက်ညှင်းမွှေး၊ ဆင်းသွယ်လတ် အခြေခံအဆင့်အလိုက်မျိုးများ စိုက်ပျိုးထားမှု၊ ဆင်းသွယ်လတ် (တောင်သူမျိုးစေ့)၊ မှော်ဘီ(၅) (ဗန်းပျိုး)၊ မှော်ဘီ(၅) (သံဆန်ခါကွက်ပျိုး)၊ မှော်ဘီ(၅) (ပျိုးသက်နုအသုံးပြုဗန်းပျိုးစနစ်)၊ မှော်ဘီ(၅) (ပေါင်ပျိုး)၊ မှော်ဘီ(၅) ရိုးရိုးသမန်းပျိုး) သုတေသနပြစိုက်ခင်းများ၊ ပျိုးသက်အလိုက်စပါးပင်များ၊ စပါးမျိုးကွဲများ၏ အရည်အချင်း လက္ခဏာများကို လေ့လာခြင်း၊ ပျိုးခင်းများကို လည်းကောင်း၊ ရိတ်သိမ်းထားသော ဆင်းသွယ်လတ်စပါး ကောက်လှိုင်းများအား စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်ဖြင့် သုတေသနစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

## ၂၀၀၈ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၀၈ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဘော်လီဘောကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း(၁၃)သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အနိုင်ရဗိုလ်စွဲသွားသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးချုပ်ဝင်းရှိန်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ASEAN Japan Center အဖွဲ့လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ASEAN Japan Center ၏ Secretary General, Mr. Nobutoshi Akao ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံအတွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅) အမှတ်(၂၃) ထွက်ပြီ

ရန်ကုန် အောက်တိုဘာ ၂၉

ယခုတစ်ပတ်သတင်းဂျာနယ်တွင် ဓာတ်ခွဲစစ်ဆေးပြီး မယ်လမင်းဓာတ်မပါရင် ဖြန့်ဖြူးခွင့်ပေးမယ်၊ မိုရေးတွင် စုပေါင်းစစ်ဆေးရေး စခန်းတည်ဆောက်ရန် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရစီစဉ်၊ သဘာဝ တီကောင်စွန့်ပစ်မြေဩဇာ ထုတ်လုပ်သုံးစွဲခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများ အစရှိသည့် သတင်းများနှင့်အတူ ဖန်လုံအိမ်ဓာတ်ငွေ့အတိုးအလျှော့ သဘောတွေ့မယ့် အသောအထေ့ စသည့် သုတ၊ရသ ဆောင်းပါးများ ဖော်ပြထားသည်။

ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်၊ ဝါမိုးအောင်၊ ပန်းရွှေပြည် စာအုပ်ဆိုင်တို့ ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း(၀၁-၃၈၂၀၇၀) ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း/ရေ/လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း/ရေ/လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဒုတိယအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကစားချိန်မိနစ် ၉၀ အတွင်း သုံးဂိုးစီသရေဖြစ်သဖြင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ ဂိုးမရရှိဘဲ သရေဖြစ်နေခြင်းကြောင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ၆ဂိုး-၄ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တတိယနေရာလုပွဲကို ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့သည် အောက်တိုဘာ ၃၁ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကိုမြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့သည် နိုဝင်ဘာ ၁ရက်တွင်လည်းကောင်း ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံး အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၀၈ (ကြာသပတေးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | ""တကယ်သဘောဖြူတဲ့လယ်တောသူ"" တရားတော် [ဘဒ္ဒန္တပညာဝံသ (ပုပ္ပါးစကားဝါမြေဆရာတော်)] |
| ၇း၅၅ - ၁း၅၅ | နိဗ္ဗာန်ဆီသို့ ....အမေးအဖြေများ |
| ၈း၁၅ - ၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ - ၂း၂၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၄၅ - ၂း၄၅ | ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း |
| ၈း၅၀ - ၂း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ - ၂း၅၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Activities In The City. (ဒီဇိုင်နာစိုးစိုးသတို့သမီးဝတ်စုံပြပွဲ) |
| ၉း၃၅ - ၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ - ၃း၄၀ | ရည်ညွှန်းစေရာလက်ဆောင်ကမ္ဘာ |
| ၁၀း၀၀ - ၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅ - ၄း၀၅ | ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (မိုးသောက်ပန်းအဆင့်မြင့်မူကြို) |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | ကွင်းမြေစမ်းသပ်ခြင်းနှင့်မြေနမူနာရယူခြင်းလုပ်ငန်း |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | ဂေါက်သီးချစ်သူများအတွက်သတင်းကောင်း |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | ဆုံမှတ်များ၏အနားသတ်ဝန်းကျင်သည် သပ်ရပ်လှပလျက်ရှိသည် |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ - ၅း၅၅ | ကြည်နူးစရာလက်ဆောင်အဖြာဖြာ |
| ၁၂း၁၅ - ၆း၁၅ | ကျောက်ကပ်နှင့်ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး) |
| ၁၂း၃၀ - ၆း၃၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဇာမွန်အိနှင့်တွေ့ဆုံခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေး၊ အာဆီယံနှင့်အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ ဝန်ကြီးများ၏ အဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးမှ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၀ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေး၊ အာဆီယံနှင့်အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများ၏ အဌမအကြိမ် အစည်းအဝေးနှင့် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေးများသို့ တက်ရောက်ပြီး အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ ဒေဝူးဟိုတယ်၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

## တက်ရောက်

ဝန်ကြီးသည် အောက်တိုဘာ ၂၄ ရက်တွင် ဒေဝူးဟိုတယ် Grand Ball Room ၌ ကျင်းပသည့် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်မစ္စတာငုယင်စင်းဟုမ် တက်ရောက် အမှာစကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံ လယ်ယာနှင့် သစ်တောဝန်ကြီးများသည် နံနက် ၁၀ နာရီခွဲတွင် သမ္မတနန်းတော်သို့သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတမစ္စတာငုယင်မင်ကျစ်အား တွေ့ဆုံဂါရဝပြုကြသည်။

အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဝန်ကြီးများအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးများတွင် အာဆီယံဝန်ကြီးများက လယ်ယာနှင့်သစ်တောကဏ္ဍ၏ ဒေသတွင်း အရေးပါသည့်အခန်း၌ တည်ရှိနေမှုကို ထပ်လောင်းပြောကြားကြပြီး ဒေသတွင်း ပေါင်းစည်းရေးနှင့် ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်း၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆိုင်ရာ အာဆီယံကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များကို ဆွေးနွေးကာ အာဆီယံ၏ အနာဂတ်လုပ်ငန်းများ၌ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ညှိနှိုင်းအတည်ပြုကြသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံဝန်ကြီးများ အဌမအကြိမ် အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်မှု အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ဒေဝူးဟိုတယ် Grand Ball Room ၌ ကျင်းပပြီး အာဆီယံဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျောက်ပန်းတောင်းမြို့နယ်အတွင်း ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် စီပေါက်ကန်ရွာ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ပဲစင်းငုံစိုက်ခင်းနှင့် သောက်သုံးရေရရှိရေးအတွက် အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်းရှိ စက်ရေတွင်း ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များပေးအပ်လှူဒါန်းပြီး ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။**

## တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကြက်မောက်တောင်ဆည်အတွင်း ရေစုဆောင်းထားရှိမှု အခြေအနေနှင့် စိုက်ခင်းများအတွင်း ရေပေးသွင်းမှု၊ ကျောက်ပန်းတောင်းမြို့နယ် မကျီးကိုင်းကျေးရွာနှင့် ကိုင်းကျေးရွာအုပ်စုတို့၌ ကြက်မောက်တောင် ဆည်ရေသောက်မိုးစပါး မျိုးသန့်စိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## အမှာစကားပြောကြား

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။**

(ဘဏ္ဍာ/အခွန်)

# ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၀ ရက်က ဖောင်ကြီး အထက၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးက အမှာစကားပြောကြားကာ ခရိုင် ပြန်/ဆက်ဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဖြူဖြူက "ကျောင်းသားများနှင့်ရည်မှန်းချက်"ခေါင်းစဉ်ဖြင့် ဟောပြောပြီး**(အောက်ပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်အုန်းမြင့်က"စာကျက်မှတ်နည်း" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၃၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)





## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၂၉**

ဦးစည်သူ (Director, Native Myanmar Enterprise Co., Ltd.)သည် ကစားဖော်များ ဖြစ်ကြသော ဦးအောင်ထွေး၊ ဦးဇော်ဝင်းနိုင် (မော်ရွှေလီ)၊ ဦးဝင်းမောင် (Robot) တို့နှင့်အတူ အောက်တိုဘာ ၂၅ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Tour Special No.(1) ဘောလုံးကို Taylormade Iron No.(8) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၁၇သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူပင် ဦးဝင်းညွန့်(နွေးနေခြည်ရော်ဘာခြံ)သည် ကစားဖော်များဖြစ်ကြသော ဦးဝင်းဆွေ၊ ဦးစောထွန်းဦး၊ ဦးကျော်ကျော်မင်း တို့နှင့်အတူ အောက်တိုဘာ ၂၆ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon Softfeel No.(2) ဘောလုံးကို Ping Eye-3 Iron No.(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာအဝေးတွင်ရှိသောကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၀-၁၀-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၄၃)**
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၁၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏တစ်နေ့တာ
၁၉။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း -၁၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း လှိုင်သာယာစက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လှိုင်သာယာစက်မှုဇုန်တာဝန်ခံ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် အောက်တိုဘာ ၂၇ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်ရန် နိုင်ငံတော်က စက်မှုကဏ္ဍကို အထူးအားပေးကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများအချင်းချင်း နည်းပညာဖလှယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသောပစ္စည်းများကို ပိုင်ပိုင်နိုင်နိုင်ကြံဆထုတ်လုပ်ရန်၊ အရည်အသွေးမြင့်မားသော ကျွမ်းကျင်လုပ်သားများ ပျိုးထောင်ပြီး မိမိတို့လုပ်ငန်းတွင် အသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးတက်အောင် စီမံဆောင်ရွက်ကြရန်၊တစ်ဖက်၌ Import Substitution ဆောင်ရွက်နေသကဲ့သို့ တစ်ပြိုင်တည်း Export Oriented ဖြစ်အောင် စဉ်ဆက်မပြတ်တီထွင် ကြံဆဆောင်ရွက်ကြရန်နှင့် မိမိတို့ ထုတ်ကုန်များ၏ အရည်အသွေးနှင့် ပုံသဏ္ဌာန် အသွင်အပြင်ကို သုံးစွဲသူအကြိုက်ဖြစ်စေရန် အမြဲသုံးသပ်ပြီး ပြုပြင်တီထွင် ထုတ်လုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်သာယာစက်မှုမြို့၌ စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လှိုင်သာယာစက်မှုမြို့အတွင်းရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ Excellence စတီးပုံလောင်းပစ္စည်းထုတ်လုပ်ရေးစက်ရုံနှင့် သောင်းဝင်း စပါးကြိတ်စက် ထုတ်လုပ်မှုလုပ်ငန်းတို့၏ ထုတ်လုပ်မှုလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှု စစ်ဆေး

**မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ လှိုင်သာယာစက်မှုဇုန်တာဝန်ခံ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း လှိုင်သာယာစက်မှုမြို့ရှိ Excellence စတီးပုံလောင်း ပစ္စည်းထုတ်လုပ်ရေး စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# ∗ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
# ∗ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ဆိတ်နို့ အသုံးဝင်။
# ∗ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

# အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများ၊ သင်တန်းမှူးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၆ရက်အထိ ရက်သတ္တ (၁၂)ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အသွေးမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၈) သင်တန်းဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





## အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယမန်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

ပြိုင်ပွဲ၏ ပတ်လည်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၃၀ရက် ညနေပိုင်းတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၂၉

**ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်း ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(သပြေကုန်း)တွင် ၂ဒသမ၀၁လက်မ၊ နေပြည်တော်လယ်ဝေးတွင် ၁ဒသမ၆၅လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ဒသမ၃၀လက်မ၊ နေပြည်တော်တပ်ကုန်းတွင် ၀ဒသမ၈၂လက်မ၊ ပခုက္ကူမြို့တွင် ၃ဒသမ၁၉လက်မ၊ ကော့သောင်းမြို့တွင် ၂ဒသမ၇၅လက်မ၊ ကျောက်ဆည်မြို့တွင် ၂ဒသမ၅၆လက်မ၊ မိုးကုတ်မြို့တွင် ၂ဒသမ၅၂လက်မ၊ မြင်းမူမြို့တွင် ၂ဒသမ၃၆လက်မ၊ လားရှိုးမြို့တွင် ၂ဒသမ၃၃လက်မ၊ နေပြည်တော်ပျဉ်းမနားတွင် ၂ဒသမ၂၈လက်မ၊ ရွှေဘိုမြို့တွင် ၂ဒသမ၁၃လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂ဒသမ၀၅လက်မ၊ ရမည်းသင်းမြို့တွင် ၁ဒသမ၅၈လက်မ၊ မင်းဘူးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၁ဒသမ၅၄လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၃၀ရက်ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၈ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၃ ဒီဂရီဖာရင်ဟိုက်) ၂၈-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၉ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၈ဒီဂရီဖာရင်ဟိုက်) ၂၉-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၂၉-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ဒသမ၄ နာရီခန့် ၂၈-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၉-၁၀-၂၀၀၈ | ၁၇မမ(၀ဒသမ၆၆လက်မ) | ၂၂မမ(၀ဒသမ၈၇လက်မ) | ၄၁မမ(၁ဒသမ၆၁ လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၇၅၃ မမ (၁၀၈ဒသမ ၃၈လက်မ) | ၃၀၅၁မမ (၁၂၀ဒသမ ၁၂လက်မ) | ၃၅၄၉မမ (၁၃၉ဒသမ၇၂လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၁၀-၂၀၀၈ ရက် ၁၇း၂၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

## သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၆/၂၀၀၈) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၇ရက် နံနက် ၈နာရီတွင် လပွတ္တာမြို့နယ်၌ ကျင်းပရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ လပွတ္တာမြို့နယ်အတွင်းမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့ဝင်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၁၈ရက်မှ ၂၆ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုနှင့် အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





"10th Anniversary ICT Exhibition"
(MCF, MCPA, MCIA & MCEA)

## မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (10th Anniversary ICT Exhibition)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်မည်။

**ပြပွဲအမည်** - **"10th Anniversary ICT Exhibition" (MCF,MCPA,MCIA & MCEA)**
**ကျင်းပမည့်နေရာ** - **ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ**
**ကျင်းပမည့်နေ့ရက်** - **အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၂ ရက်အထိ**
**ကျင်းပမည့်အချိန်** - **နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## စက္ကူနှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ စက္ကူနှင့် ပုံနှိပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| 1. | Newsprint Paper (48.8 Gsm)30" | 1,600 Tons |
| 2. | Woodfree Paper (70 Gsm) (500 shts /Pkt) | |
| | (a) 16½" x11¾" (A3 Size) | 1,000 Pkts |
| | (b) 8¼" x 11¾" (A4 Size) | 2,000 Pkts |
| 3. | Web Offset ink (Black) | 30,000 Kg |
| 4. | Sheet fed Offset ink(Black) | 3,000 Kg |
| 5. | Plates | |
| | (a) P.S Negative Plate 889x586x0.3 mm | 5,000 Shts |
| | (b) Wipe on Plate 745x635x0.24 mm | 2,000 Shts |
| | (c) Wipe on plate 825x710x0.24 mm | 2,000 Shts |
| 6. | P.S Negative Developer | 480 Liter |
| 7. | Coating A+B Set | 600 Sets |
| 8. | Developing Lacquer | 600 Liter |
| 9. | (a) Ortho Film (Roll) (24"x200') | 120 Rolls |
| | (b) Ortho Film (Sheet) (22" x 32") (50 Shts/Box) | 300 Boxes |
| 10. | Film Developer (10 Lit/Box) | 180 Boxes |
| 11. | Film Fixer(5 Llt/Box) | 180 Boxes |
| 12. | A 3 Toner HP Laser Jet 5000 N | 80 Boxes |
| 13. | Rubber Blanket (Roll) | |
| | 28mx1075mmx 1.95 mm | 2 Rolls |
| 14. | Rubber Blanket With T.Bar | |
| | 890x625x1.95 mm | 70 Shts |
| 15. | Stencil Paper (48 Shts/Box) | 300 Boxes |
| 16. | Duplicating ink Tube | 450 Boxes |
| 17. | Gum Arabic | 1200 Liter |
| 18. | Rubber Blanket | |
| | (a) (765x780x1.95)mm | 30 Shts |
| | (b) (675x645x1.95)mm | 70 Shts |
| 19. | နေပြည်တော် (Imagesetter) | |
| | (a) Film (76.8 cm x 61m) | 54 Rolls |
| | (b) Developer | 320 Liter |
| | (c) Fixer | 320 Liter |
| 20. | ရန်ကုန် (Imagesetter) | |
| | (a) Film (61 cm x 60 m) | 36 Rolls |
| | (b) Developer | 320 Liter |
| | (c) Fixer | 320 Liter |
| 21. | Dampening Roller Sleeves | |
| | (a) 64 mm | 4 Rolls |
| | (b) 76 mm | 4 Rolls |
| | (c) 84 mm | 4 Rolls |
| | (d) 96 mm | 4 Rolls |
| | (e) 104 mm | 4 Rolls |
| 22. | Sponge | 400 Nos |

၂။ တင်ဒါပေးသွင်းမှုကို (၁၀-၁၁-၂၀၀၈)ရက်(၁၆း၃၀)တွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၃၄၅၅၇၊ ၅၃၆၀၂၉**

## အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများ လူနေမှု ဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ် သင်တန်းအမှတ်စဉ် (၅/၂၀၀၈)ကို နိုဝင်ဘာ ၁၈ ရက်မှ စတင်၍ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည် ဖြစ်ရာ သင်တန်းသူ ၂၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ရုံး ဖုန်း -၂၅၂၅၈၉ တွင်ရယူ၍ နိုဝင်ဘာ ၁၄ ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

**ဖခင်အမည်မှန်**

အထက (၃) ဗိုလ်တထောင် ဒသမတန်း (က)မှ မောင်စူမိ(တ်) ကူးမားဆင်ဟာ၏ ဖခင်အမည်မှန်မှာ ဦးရှုပ္ပန်းကူးမားဆင်ဟာ [၁၂/လမန(နိုင်) ၀၀၀၃၀၄]ဖြစ်ပါကြောင်း။


**ရောင်းရန်ရှိသည်**

စာသင်ခုံများစွာ ရောင်းရန်ရှိသည်။
Ph: 381723

**RUBYကားစီးလုံးငှားသည်**
**503176 , 519100**
မြို့တွင်း/မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ် ကားမျိုးစုံ စီးလုံးငှားသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

SKIN CARE
KTH
GLYCERIN
အလှဆီ







ဘောလုံးပွဲကို စောင့်ကြည့်ရင်ခုန်နေသူများအတွက်
ချန်ပီယံလိဂ် စပယ်ရှယ် နှင့် စနေ၊ တနင်္ဂနွေ ဘောလုံးပွဲများအတွက်

အားကစားဂျာနယ်

ကြာသပတေးနေ့တိုင်း ထွက်ပါသည်။

အမှတ် ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၆၆၂၁

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ တစ်နှစ်ထက်တစ်နှစ်အောင်မြင်
# မြန်မာမှုဓလေ့စရိုက် အစဉ်အလာများ၊ မြန်မာ့ရိုးရာ တွေးခေါ်မြော်မြင်မှု သဘောတရားများ
# မြန်မာ့ကျင့်ဝတ်နီတိ အသိအလိမ္မာတရားများကို မြန်မာ့လူ့ဘောင်တွင် အစဉ်နိုးကြားရှင်သန်အောင် စေ့ဆော်ပေးနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

**၂၀၀၈ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး "မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"၊ "မိမိနိုင်ငံ မိမိလူမျိုးရဲ့ အမျိုးသားရေးလက္ခဏာ မပျောက်ပျက်စေရေးအတွက် အနုပညာစွမ်းအားဖြင့် စောင့်ရှောက်ပေးနိုင်ကြပါစေ" လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မွန်မြတ်တဲ့ ဦးတည်ချက်များနဲ့ နှစ်စဉ် ပြိုင်ပွဲကြီးများ ကျင်းပပေးပြီး စောင့်ရှောက်လျက်ရှိ တဲ့ မြန်မာ့အနုသုခုမပညာရပ်များဟာ နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းစဉ်တစ်လျှောက်ကို ဖြတ်သန်းရင်း ယဉ်ကျေးမှု အဖြာဖြာ စည်ပင်စွာနဲ့ ယနေ့တိုင် ရှင်သန်ခိုင်ခံ့လျက်ရှိပါတယ်။

မိမိတို့ရဲ့ဘိုးဘွားမိဘများက သမိုင်းခေတ်အဆက်ဆက်မှာ လက်ဆင့်ကမ်းတည်ဆောက်လာခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးကို ရိုးရာဂုဏ်ရည်တွေ မပျောက်ပျက်စေရအောင် တစ်ဖက်က ထိန်းသိမ်းရင်း ခေတ်ကာလနဲ့အညီ ခေတ်မီသစ်လွင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြခြင်းဟာ သမိုင်းကပေးတဲ့တာဝန်တွေပဲဖြစ်ပါတယ်။

သမိုင်းပေးတာဝန်အရ ကျင်းပလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများဟာ တစ်နှစ်ထက်တစ်နှစ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**




**(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)



# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား
## အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြားပြီး ဆုများကိုပေးအပ်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၉

**(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး နာယက၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။**

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ် အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးတိုင်းရင်းသားတိုင်းရင်းသူများ၊ အထူးဖိတ်ကြားထားသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်လိန်းမောင်းပန်နှင့် ဒေါ်ကေခိုင်ဆွေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

အစီအစဉ်အရ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**